# နှစ်(၂၅၀)ပြည့်ဟံသာဝတီမွန်နေပြည်တော်ကျဆုံးခြင်းအထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းအမြင်များ

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရောက်ရှိနေကြသည့် မွန်လူမျိုးများသည် မြန်မာသက္ကရာဇ်(၁၃၆၉)ခုနှစ်၊ ကဆုန်လဆုတ်(၈)ရက် (မေလ၈၊၂၀၀၇)နေ့တွင်ကျရောက်မည့်နှစ်(၂၅၀)ပြည့်ဟံသာဝတီမွန်နေပြည်တော်ကျဆုံးခြင်းအထိမ်း အမှတ် အခန်းအနားများ တညီတညွတ်တည်း ကျင်းပကြမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အခမ်းအနားကိုကျင်းပရခြင်း ရဲ့ရည်ရွယ်ချက်အမြင်များနဲ့ပတ်သက်ပြီး မွန်ခေါင်းဆောင်း တချို့၏ အမြင်တွေကိုစုဆောင်းတင်ပြလိုပါသည်။

ပထမဦးဆုံးအနေနဲ့အမေရိကာန်နိုင်ငံတွင်အခြေစိုက်သည့် မွန်ပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ပညာမွန်၏ အမြင်ကိုတင်ပြလိုပါသည်။ “ဟံသာဝတီကျဆုံးခြင်းအထိမ်းအမှတ်အခမ်းအနားကို ဗမာလူမျိုးတွေကို မုန်းတီးကလဲ့ စားချေစေလိုတဲ့ ရည်ရွယ်ချက်နဲ့ကျင်းပတာမဟုတ်ပါဘူး၊ ဗမာဘုရင်ဦးအောင်ဇေယျ (အလောင်းဘုရား) ဟံသာဝတီမွန် နိုင်ငံတော်ကိုလာရောက်တိုက်ခိုက်သိမ်းပိုက်စဉ်က စစ်မြေပြင်တွင်လုံးဝမပါဝင်တဲ့ သောင်း နဲ့ချီ သည့် အပြစ်မဲ့ မွန်ပြည်သူ လူထု ရဟန်းသံဃာ၊အမျိုးသမီး၊ ကလေးသူငယ်များကို ရက်စက်စွာ ကျီသွင်းမီရှို့ဆင်နင်းသတ်ဖြတ်စေခဲ့ပါတယ်၊ ဒီလိုလူမျိုးချင်းမုန်းတီးတဲ့ဝါဒကို ကိုင်စွဲပြီး အမျိုးပြုတ်အောင်သတ်ဖြတ် တဲ့ ဖြစ်ရပ်ဟာ မြန်မာ့သမိုင်းတွင်မက ကမ္ဘာ့သမိုင်းမှာပါ မလိုလားအပ်တဲ့အမဲစက်ကြီးတစက်ပါဘဲ။ အဲဒါကြောင့် ယဉ်ကျေးတဲ့ကမ္ဘာ့နိုင်ငံများနဲ့ ဒီမိုကရေစီအင်းအားစုများက အမျိုးပြုတ်သတ်ဖြတ်တဲ့ဝါဒ၊ လူမျိုးချင်းမုန်းတီးမှုဝါဒနှင့်လူမျိုးကြီးဝါဒ တို့ကို ဆန့်ကျင်တိုက်ဖျက်လျှက်ရှိပါတယ်။ ဒါပေမဲ့ ဗမာစစ်အစိုးရဟာ၊ ဦးအောင်ဇေယျရဲ့ မဟာလူမျိုးဝါဒကိုဆက်ခံပြီး တိုင်းရင်းသားလူမျိုးများကို နှိပ်စက်ညှင်းပမ်းသတ်ဖျတ်နေတယ်ဆိုတာ နေပြည်တော်မြို့မှာ ဂုဏ်ပြုစိုက်ထူထားတဲ့ ဦးအောင်ဇေယျရုပ်ထုက သက်သေပြလျှက်ပါဘဲ။ ဒီအတိုင်းသာဆိုရင် တိုင်းရင်းသားလူမျိုးများ ချစ်ကြည်စွာပူးတွဲနေထိုင်တဲ့ဒီမိုကရေစီ နိုင်ငံတော်ပန်းတိုင်ဟာ အဝေးကြီးဝေးလျှက်ရှိပါသေးတယ်။ မွန်လူမျိုးတွေကို ဦးအောင်ဇေယျ သတ်ဖြတ်ခဲ့သလို တိုင်းရင်းသာတွေကို အမျိုးဖြုတ်သတ်ဖြတ်တာတွေလည်းဖြစ်ကောင်းဖြစ်လာအုန်းမှာဘဲ။ အဲဖြစ်ရပ်ဆိုးမျိုး နောင်မှာဘယ်တော့မှ မဖြစ်ပေါ်သင့်ဘူးဆိုတာ ဗမာပြည်သူပြည်သားများ အတိတ်သမိုင်းသင်ခန်းစာယူဘို့အဓိကရည်ရွယ်ချက်နဲ့ ဟံသာဝတီကျဆုံးခြင်း အထိမ်းအမှတ် အခန်းအနားကျင်းပခြင်းဖြစ်ပါတယ်။”

နောက်အမြင်တစ်ခုကတော့မွန်အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ နိုင်စုန်ထွန်းရဲ့အမြင်ပဲဖြစ်ပါသည်။
“အခမ်းအနားကျင်းပရခြင်းရဲ့အကြောင်းရင်းတွေကိုဗမာလူမျိုးအပါအဝင် အခြားလူမျိုးစုများနားလည်အောင်ထုတ်ဖော်ပြောကြား ပေးဖို့လိုပါသည်၊ ပြဿနာဖြစ်စေနိုင်မည့်အချက်အလက်များကိုရှောင်ကြည်ဖို့လိုပါသည်၊ ဖြစ်ရပ်မှန်သမိုင်းတစ်ရပ်ကိုကျနော်ထုတ် ဖော်နေတာဖြစ်ပြီးဒီလိုထုတ်ဖော်ခြင်းအားဖြင့်ဗမာလူ မျိုးတွေကိုမုန်းတီးစေချင်သည့်ဆန္ဒတာမရှိပါဘူး၊”

ကမ္ဘာ့အေးနိုင်ငံတော်သာသနာ့ပရိယတ္တိတက္ကသိုလ်၊ရန်ကုန်မှသမိုင်းလေ့လာနေသူ မွန်ရဟန်းတော်တစ်ပါးရဲ့အမြင်ကတော့ "ကျနော်တို့ရဲ့သမိုင်းမှန်ကိုဖော်ထုတ်ဖို့ကျနော့်တို့မှာတာဝန်ရှိပါတယ်။ အလားတူပဲ၊အခြားလူမျိုးတွေလဲသူတို့ရဲ့သမိုင်းမှန်ကို ဖော်ထုတ်ဖို့သူတို့မှာတာဝန်ရှိပါတယ်၊ ဖော်ထုတ်ခွင့်လည်းရှိတယ်၊ သူတို့ရဲ့သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုတွေကို ကျနော်တို့လေစားပါတယ်၊ ဗမာလူမျိုးအပါအဝင်အခြားလူမျိုးစုတွေ အနေနဲ့လဲကျနော်တို့ရဲ့ခံစားချက်တွေကို နားလည်ဖို့လိုပါလိမ့်မည်၊ ဟံသာဝတီကျဆုံးခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပခြင်းသည် ဗမာလူမျိုးနှင့်မွန်လူမျိုးတွေအကြားမုန်းတီးမှု တိုးပွားလာစေချင်သည့်ဆန္ဒမရှိပါ၊ သွေးစီးသံယိုမှု အတွေးအခေါ်၊ အချင်းချင်းသတ်ဖြတ်မှုဝါဒများဖြင့်ပြဿနာ ဖြေရှင်းခြင်းကို ကျနော်တို့ခေတ်မှာ ပပျောက်သွားအောင်အားလုံးဝိုင်းဝန်းကူညီဘို့လိုပါတယ်၊ သို့မှသာလျှင်၊စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတစ်ခုတည်ထောင်နိုင်မှာဖြစ်ပါတယ်။"

နောက်ဆုံးတင်ပြချင်သည့်အမြင်တစ်ခုကတော့၊ ဟံသာဝတီကျဆုံးသည့်နေ့ကိုရည်စူးပြီးအမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၊ ကုလသမဂ္ဂအဆောက်အဦရှေ့ဆန္ဒပြပွဲကို ဦးဆောင်သူတစ်ဦးဖြစ်တဲ့ မွန်ပြည်ပြန်လန်ထူထောင်ရေးကောင်စီမှနိုင်မဟာမာန် ရဲ့အမြင်ပဲဖြစ်ပါတယ်။

"ဒီအခမ်းအနားနဲ့တစ်ပြိုင်နက်ဆန္ဒပြရခြင်းဟာ၊ အခုဗမာပြည်မှာဖြစ်ပျက်နေတဲ့ တိုင်းရင်းသားတွေကိုမျိုးဖြုတ်သတ်ဖြတ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေဆက်လက်ဖြစ်ပွားနေကြောင်း ကမ္ဘာကအာရုံစိုက်လာအောင်၊ ပဒေသရာဇ်ခေတ် ဗမာဘုရင် ဦးအောင်ဇေယျလက်ထက်ကနေ အခုလက်ရှိနအဖစစ်အစိုးရလက်ထက်အထိ မျိုးဖြုတ်သတ်ဖြတ်မှုစနစ်ကိုကျင့်သုံးလျှက်ရှိပြီး ကျူးလွန်သူများကို သူရဲကောင်းအဖြစ်ဂုဏ်ပြုလျှက်ရှိနေတာကိုကမ္ဘာသိအောင်ကျနော်တို့ထုတ်ဖော်ရှင်းလင်း သွားမှာဖြစ်ပါတယ်၊ ကျနော့်တို့လုပ်ဆောင်ချက်ဟာ လူမျိုးအချင်းချင်းမုန်းတီးမှုဖန်တီးနေတာမဟုတ်ပါဘူး၊ အမှန်ကိုအမှန်အတိုင်း၊ အမှားကိုအမှားအတိုင်းဆိုတဲ့အမှန်တရားဖော်ထုတ်ရေးပါဘဲ၊"

အားလုံးရဲ့အမြင်တွေကိုခြုံကြည့်သော်၊ဟံသာဝတီကျဆုံးခြင်း အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းသည်၊ လူမျိုးအကြားမုန်းတီးမှုဖန်တီးရန်မဟုတ်ဘဲ အမှားကိုပြင်ဆင်ပြီးအမှန်ကိုဆင်ခြင်မိကြရန်သာ ဖြစ်ပါသည်။

စုဆောင်းတင်ပြသူ၊

**ဗညာထော်ဝင်**

**တည်ဖြတ်သူ**

**ဒေါက်တာ၊မိစရာဲမွန်**

မီဒီယာဆက်သွယ်ရန်။

Nai Pan Htaw (USA), Tel: 260-580-7830
Email:honsawatoi@aol.com

Nai Cham Toik (Canada) Tel: +1 403 248 2027
E-mail:ctoik@hotmail.com

Nai Siri Mon Chan (Australia) Tel: +(61)433548199
E-mail: sirimonchan@yahoo.com;

Nai Sunthorn Sripanngern (Thailand) Tel: + (66) 0869890079
email:sunthornmul@gmail.com